# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 17 , 2022 Volume 57, Number 13


၁၇.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဈေးနှုန်းထပ်မံမြင့်တက်နေပြီး တစ်ပိဿာ ကျပ် ၂၄၀၀ ပေါက်ဈေးရှိ


https://news-eleven.com/article/235777

ပခုက္ကူကြက်သွန်နီ ဈေးကွက်အတွင်း ဩဂုတ်လတတိယပတ်တွင် ကုန်ဝင်နည်းပါးခြင်းနှင့် ဝယ်လိုအားများပြားခြင်းတို့ကြောင့် ဈေးနှုန်းထပ်မံမြင့်တက်နေပြီး အမြင့်ဆုံး တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ကျော် ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ဩဂုတ်လပထမပတ်တွင် တစ်ပိဿာ ကျပ် ၁၇၀၀၊ ဒုတိယပတ်တွင် တစ်ပိဿာ ကျပ် ၂၀၀၀ နှင့် တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ပေါက်ဈေးရှိပြီး ဈေးနှုန်းဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၃၃၀၀၀ ခန့် ဝင်ရောက်သည့် ဩဂုတ် ၁၆ ရက်နေ့ ဈေးကွက်တွင် ဥွန်သေးတစ်ပိဿာ ကျပ် ၁၃၀၀-၁၆၀၀၊ ဥွန်လတ်တစ်ပိဿာ ကျပ် ၁၇၀၀ -၂၀၀၀ နှင့် ဥွန်ကြီးတစ်ပိဿာ ကျပ် ၂၁၀၀-၂၄၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်အကုန်ထိ တစ်ပိဿာ ကျပ် ၁၇၀၀ လောက် ရောင်းနေကြတာ။ ဈေးတက်သွားလိုက် အဝယ်နည်းလို့ ဈေးပြန်ချရောင်းလိုက်ပဲ။ ဒီလထဲမှာတော့ အဝယ်များတယ်။ ဈေးတက်လည်း အဝယ်ကရပ်မသွားဘူး။ ပိဿာချိန်လေးသောင်းဆိုလည်းကုန်တယ်၊ ငါးသောင်းဆိုလည်း အရောင်းအဝယ်ဖြစ်တယ်။ တစ်ပတ်ကို တစ်ပိဿာ ၃၀၀ ကျော် ၄၀၀ ကျပ်လောက် ပုံမှန်တက်တယ်။ လက်ရှိလည်း အဝယ်အားကောင်းတုန်းပါပဲ။ လက်ကျန်ရှိတဲ့တောင်သူက အကျိုးအမြတ်ရပါတယ်" ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပခုက္ကူဈေးကွက်မှ ကြက်သွန်နီကို နယ်စုံမှ အဓိကဝယ်ယူနေကြောင်းသိရပြီး ပခုက္ကူနှင့်ပေါက်မြို့နယ်ရှိ ကြက်သွန်စိုက်တောင်သူအချို့တွင် ရောင်းချရန်ကြက်သွန်လက်ကျန်များရှိနေသော်လည်း နယ်မြေမတည်ငြိမ်မှုကြောင့် လာရောက်ရောင်းချနိုင်ခြင်း မရှိသေးကြောင်းသိရသည်။

လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းများကြောင့် လာမည့်အောက်တိုဘာလတွင် စိုက်ပျိုးမည့် ကျွန်းကြက်သွန်တွင် လုပ်ကိုင်သူများပြားလာနိုင်ကြောင်း တောင်သူများထံမှသိရသည်။

**Source:** https://news-eleven.com/article/235777


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဒေါ်လာငွေဈေးမြင့်တက်ခြင်းနှင့် ပဲလိုအပ်ချက်မြင့်မားခြင်းကြောင့် ပို့ကုန်ပဲများ ဈေးမြင့်တက်

နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တင်လိုက်ခြင်းနှင့် အိန္ဒိယမှပဲဝယ်လိုအား FOB ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ယခု ရက်ပိုင်းအတွင်း ပို့ကုန်ပဲကုန်စည်များမှာ အရောင်းအဝယ်သွက်ကာ တစ်အိတ်လျှင် ကျပ် ၂၀,၀၀၀ အထိ ဈေးမြင့်တက်လာကြောင်းသိရသည်။

"ဒေါ်လာငွေ လဲလှယ်မှု တန်ဖိုးမြင့်တက်လာတာနဲ့အတူ အိန္ဒိယ ပဲဝယ်လိုအား FOB ဈေးမြင့်တက်လာတာကလည်း ပြည်တွင်း ပို့ကုန်ပဲဈေးတွေ တစ်ပတ်အတွင်း ပဲဈေးတွေ မြင့်တက်လာပါတယ်။ ပဲစင်းငုံ သုံးတင်းတစ်အိတ် ကျပ် ၂၀,၀၀၀ လောက်ဈေးတက်လာသလို မတ်ပဲဆိုရင်လည်း တစ်အိတ်ကျပ် ၁၅,၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။" ဟု မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်( ရွှေစင်သိန်းပွဲရုံ) က ပြောသည်။ ပို့ကုန်ပဲများ ဈေးမြင့်တက်သကဲ့သို့ ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း လက်ကျန်နည်းလာသဖြင့် ဈေးလိုက်ပါမြင့်တက်လာသည်ဟုသိရသည်။

"V2 ကုလားပဲ တစ်အိတ် ၁၇၂,၀၀၀ ၊ 929 ကုလားပဲက ၁၆၂,၀၀၀ ၊ ထိုင်ဝမ်ကုလားပဲက ၁၅၅,၀၀၀ ထိ ပေါက်ဈေးဖြစ်လာပါတယ်။ တရုတ်လိုင်းက ပဲတီစိမ်းကတော့ အနည်းငယ်သာ ဈေးမြင့်တက်လာပါတယ်။ မြေပဲဆံ အသစ်လေးတွေ ဝင်ရောက်မှုရှိပေမယ့် ပြည်တွင်းစားဆီစားသုံးမှုထက် မြေပဲဆီစားသုံးမှုများနေတော့ ဈေးကလုံးဝကျဆင်းတာမရှိပါဘူး။ ဆီကြိတ်ပဲဆံတွေတောင် တစ်ပိဿာကျပ် ၆၀၀၀ အထက်မှာရှိနေပါတယ်။" ဟု ဦးကျော်သွင်ကပြောသည်။

နိုင်ငံခြားပို့ကုန်မူဝါဒ အပြောင်းအလဲကို စောင့်ကြည့်နေသည့် ပို့ကုန်ပဲဈေးကွက်မှာ ချက်ခြင်းအရောင်းအဝယ် ပြန်ကောင်းလာသကဲ့သို့ အိန္ဒိယပဲလိုအပ်ချက် မြင့်မားနေခြင်းကြောင့် လက်ကျန်ပို့ကုန်သမားများ ဈေးကောင်းရရှိသည့် ပဲဈေးကွက်ဖြစ်လာသည်။ ဩဂုတ် ၁၀ ရက်တွင် ပိဿာ ၆၀ ရှိ မတ်ပဲ တစ်အိတ် ၁၈၅,၀၀၀ ၊ ပဲစင်းငုံ တစ်အိတ် ၁၇၈,၀၀၀ ၊ ပဲတီစိမ်း အညာတစ်အိတ် ၁၄၅,၀၀၀ ထိပေါက်ဈေးဖြစ်လာသည်။ မန္တလေးပဲဈေးကွက်နှင့် ရန်ကုန်ပဲဈေးကွက်များတွင် ပဲမျိုးစုံမှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေသည်။

ပြည်တွင်း၌ မြေပဲဆီကို ပိုမိုစားသုံးလာသကဲ့သို့ ပြည်ပမှတင်သွင်းသည့် စားဆီဈေးနှင့်လည်း ဈေးနှုန်းကွာဟမှု နည်းလာခြင်းကြောင့် လက်ရှိ မကွေး ၊ ကျောက်ပန်းတောင်းဘက်မှ မြေပဲဆံအသစ်များမှာ ဈေးကောင်းရရှိနေသည်။ မြေပဲဆီဆံ အမျိုးအစားပင် အနိမ့်ဆုံး တစ်ပိဿာကျပ် ၆၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပြီး ပို့ကုန်မြေပဲလုံးဆံများမှာ တစ်ပိဿာကျပ် ၆၃၅၀ ထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ် ကျပ် ၅၀၀၀ မှ ကျပ် ၂၀၀၀၀ ထိ ဈေးမြင့်တက်လာရာ ဩဂုတ် ၁၀ ရက်က ကုလားပဲ V2 တစ်အိတ် ၁၇၄,၀၀၀၊ ပဲယင်း တစ်အိတ် ၁၄၀,၀၀၀ ၊ ပဲကြီးတစ်အိတ် ကျပ် ၂၁၅,၀၀၀ ၊ ပဲထောပတ် တစ်အိတ် ၁၅၂,၀၀၀ ၊ စွန်တာပြာ တစ်အိတ် ၁၃၇,၀၀၀ ၊ မြေထောက်ပဲ တစ်အိတ် ၂၀၀,၀၀၀ ၊ ကျွန်းစားတော်ပဲ တစ်အိတ် ၃၂၀,၀၀၀ ထိ အသီးသီး ဈေးမြင့်တက်လာသည်။

**Source: Myanma Awba**

## ထိုင်းနိုင်ငံက စက်သုံးဆီ ရန်ပုံငွေအတွက် ဘတ်ဘီလီယံ ၁၅၀ အသင့်ပြင်ထား

ထိုင်းအစိုးရက နိုင်ငံတော်စက်သုံးဆီ ရန်ပုံငွေအတွက် ဘတ်ဘီလီယံ ၁၅၀ ကို ချေးငွေအဖြစ် ထုတ်ချေးပေးရန် အသင့်ပြင်ဆင်ထားပြီး အာမခံသည့်ဥပဒေကြမ်းတစ်ခုကို ဩဂုတ် ၁၆ ရက်တွင် အတည်ပြုလိုက်သည်။

အစိုးရအနေဖြင့် နိုင်ငံအတွင်း ရင်ဆိုင်နေရသည့် ငွေကြေးဖောင်းပွမှုကို ရင်ဆိုင်နိုင်ရေးအတွက် စွမ်းအင်ဈေးနှုန်းများကို အတိုင်းအတာ တစ်ခုအတွင်း ထိန်းညှိပေးနိုင်ရန်ရည်ရွယ်၍ အဆိုပါ ရန်ပုံငွေကို ထူထောင်ခြင်းဖြစ်ကြောင်း အစိုးရသတင်း အရင်းအမြစ်နှင့် ဒေသတွင်း သတင်းဌာနများက ဖော်ပြထားသည်။

အစိုးရက ယခုအတည်ပြုလိုက်သည့် ဥပဒေကြမ်းကို ဥပဒေများစွာ စိစစ်အတည်ပြုသည့် နိုင်ငံတော်ကောင်စီရုံးက ထပ်ဆင့်အတည်ပြုရမည်ဖြစ်ပြီး ယင်းနောက် လွှတ်တော်သို့ တင်သွင်းကာ ဥပဒေအဖြစ် အတည်ပြုချက်ရယူရမည် ဖြစ်သည်။ စက်သုံးဆီရန်ပုံငွေရုံး၌ လက်ရှိတွင် ကိုင်ဆောင်ထားသည့် ရန်ပုံငွေပမာဏမှာ ဩဂုတ် ၁၄ ရက်အထိ ဘတ် ၁၁၇ ဘီလီယံ

ဖြစ်သည်။ ဇူလိုင်လအတွင်း ငွေကြေးဖောင်းပွမှုမှာ ၁၄ နှစ်အတွင်း အမြင့်ဆုံးဖြစ်လာသည့် ထိုင်းနိုင်ငံ၌ ထိုငွေကြေးဖောင်းပွမှုကို နည်းပါးစေရန်ရည်ရွယ်၍ စက်သုံးဆီဈေးနှုန်းများကို ထိန်းချုပ်နိုင်ရေးအတွက် ထိုရန်ပုံငွေကိုအသုံးပြုကာ ထောက်ပံ့မှုများ ပေးနေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/29359

## ဗီယက်နမ်ခေါက်ဆွဲခြောက် EO ပါဝင်မှုများပြား



https://www.foodindustrydirectory.com.mm

ဂျာမနီ၊ ပိုလန်နှင့်မော်လ်တာ အီးယူသုံးနိုင်ငံတို့က ဗီယက်နမ်မှတင်သွင်းသော ခေါက်ဆွဲခြောက်များတွင် ကင်ဆာဖြစ်စေသောဓာတ် ethylene oxide EO ပါဝင်မှုမြင့်မားနေသဖြင့် သတိပေးချက်ထုတ်ပြန်ထားသည်။ အီးယူအစားအသောက်ဘေးကင်းရေးစည်းမျဉ်းများအရ ခွင့်ပြုသည့်ရေချိန်ထက် ကင်ဆာဖြစ်စေနိုင်သော ethylene oxide EO ပါဝင်မှု ကျော်လွန်နေသည်ဟုဆိုသည်။

ဂျာမနီနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ပေးပို့သည့် အသိပေးအကြောင်းကြားစာတွင် ဗီယက်နမ်နိုင်ငံ တောင်ပိုင်းရှိ Binh Duong ပြည်နယ်၊ Thuan An City မှ Asia Food Joint Stock Company အသင့်ပြုတ်စား ခေါက်ဆွဲခြောက်ထုပ်များဖြစ်သော ကြက်သားအရသာ အသင့်စားခေါက်ဆွဲနှင့် ဟင်းခတ်အမွှေးအကြိုင် အသင့်စား ခေါက်ဆွဲများတွင် ethylene oxide EO ပါဝင်နှုန်းသည် ဥရောပသမဂ္ဂအီးယူ၏ ခွင့်ပြုထားသော ကန့်သတ်ချက်များထက် ကျော်လွန်၍ပါဝင်နေကြောင်း ဖော်ပြထားသည်။

ဟိုချီမင်းမြို့ တန်ဖူခရိုင်မှ Việt Nam Food Industry Joint Stock Company (Vifon) ကြက်သားအရသာ အသင့်စားခေါက်ဆွဲများတွင် အလားတူဖြစ်ရပ်တွေ့ရှိကြောင်း ပိုလန်နိုင်ငံက အသိပေးအကြောင်းကြားသည်။ ဗီယက်နမ်မှ တင်ပို့ထားသော ခေါက်ဆွဲခြောက်ထုပ်များကို ဗီယက်နမ်သို့ပြန်လည်ပေးပို့ကြောင်းလည်း အကြောင်းကြားစာတွင် ဖော်ပြထားသည်။

Nguyễn Gia ၏ ခေါက်ဆွဲထုတ်ကုန်များသည် တရားမဝင် မျိုးဗီဇပြုပြင်ထားသော ဆန်များမှပြုလုပ်ထားကြောင်း မော်လ်တာမှ သတိပေးခဲ့သည်။ ထုတ်ကုန်များကို ဈေးကွက်ထဲမှ ပြန်ရုပ်သိမ်းထားကြောင်း ပြောကြားသည်။ ယမန်နှစ်တွင် ဗီယက်နမ်ခေါက်ဆွဲခြောက်နှင့် ကြာဇံခြောက်အထုပ် အများအပြားတို့တွင် EO ပါဝင်မှုများပြားကြောင်း တွေ့ရှိပြီးနောက် အီးယူဈေးကွက်တွင် ပြန်လည်သိမ်းဆည်းခဲ့သည်။

ကမ္ဘောဒီးယားအာဏာပိုင်များသည် ဗီယက်နမ်အသင့်စားခေါက်ဆွဲများကို ဓာတ်ခွဲစစ်ဆေးကြည့်မည်ဖြစ်ပြီး တားမြစ်ထားသော Ethylene Oxide (EO) ပါဝင်မှုများပြားသော ဗီယက်နမ်အသင့်စားခေါက်ဆွဲများ တင်သွင်းမှုကို တားဆီးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**Source: vietnamnet.vn**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4838-vietnamese-dried-noodles-with-a-large-amount-of-eo.html

## ပါကစ္စတန်နိုင်ငံမှတရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ဇူလိုင်လအတွင်း ၁၀ ရာခိုင်နှုန်းနီးပါးတိုးလာ



https://www.foodindustrydirectory.com.mm

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပထမငါးလတွင် ပါကစ္စတန်မှတရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ၂၇၇.၅၆ သန်းကျော်ရှိခဲ့ကာ၊ ယခင်နှစ်ကထက် ၉.၇၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်ကွဲတင်သွင်းသည့်နိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း တရုတ်အကောက်ခွန်စီမံခန့်ခွဲရေး (GACC) ၏ တရားဝင် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် ဆန်ကွဲ အထူးသဖြင့် IRRI-6၊ IRRI-9 အမျိုးအစားနှင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် ရာနှုန်းပြည့်ကြိတ်ခွဲပြီး ဆန်များကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေပြီး ဘာစမာတီနှင့် အခြား ထိပ်တန်းဆန်မျိုးများကို တရုတ်ဈေးကွက်သို့ မြှင့်တင်၍ တင်ပို့နိုင်ရန် ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ပြီးခဲ့တဲ့နှစ်အတွင်း တရုတ်နိုင်ငံက ပါကစ္စတန်မှ အမေရိကန်ဒေါ်လာ ၄၃၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၇၃,၀၀၀ ကို တင်သွင်းခဲ့ကြောင်း၊ ပါကစ္စတန်မှ ဆန်တင်ပို့သူအသစ် ၇ ဦးကို တရုတ် အကောက်ခွန်အတည်ပြုစာရင်းတွင် ထည့်သွင်းခဲ့ပြီး ဆန်တင်ပို့ခွင့်ရှိသူ ၅၃ ဦးအထိ တိုးလာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံက ဆန်တင်ပို့ရာတွင် အထောက်အကူဖြစ်စေရန် ပါကစ္စတန်ဆန်အပေါ် တင်သွင်းခွင့်ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်ကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း ပါကစ္စတန်နိုင်ငံက တရုတ်၏အကြီးဆုံးဆန်တင်သွင်းသူ ဖြစ်လာမည်ဟု ယုံကြည်ချက်ရှိကြောင်း ပေကျင်းမြို့ရှိ ပါကစ္စတန်သံရုံးမှ စီးပွားရေးသံမှူး Badar uz Zaman က ပြောသည်။

နှစ်အနည်းငယ်အတွင်း ပါကစ္စတန်သည် တရုတ်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့သူဖြစ်လာမည်ဟု ယုံကြည်ကြောင်း CEN က ဖော်ပြသည်။ ယခုနှစ် ပထမငါးလအတွင်း ကုန်စည်ကုဒ် (10064080) ဆန်ကွဲခေါင်းစဉ်အောက်၌ တရုတ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၄၂ သန်းခန့် တင်ပို့ခဲ့ကာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈၆၅.၂၆ ရာခိုင်နှုန်းတိုးလာခဲ့ပြီး၊ ကုန်စည်ကုဒ် (10063020) တစ်ဝက်တစ်ပျက် သို့မဟုတ် အပြည့်အဝကြိတ်ခွဲထားသည့်ဆန် ခေါင်းစဉ်အောက်၌ အမေရိကန်ဒေါ်လာ ၁၃၂ သန်းဖိုး တင်ပို့ထားပြီးဖြစ်ကြောင်း သိရပါသည်။

ပါကစ္စတန်သည် တရုတ်ဈေးကွက်အတွင်း ပါကစ္စတန်ဆန်အကြောင်း အသိပညာပေးနိုင်ရန်အတွက် သမားရိုးကျနှင့် အထူးသဖြင့် လူမှုမီဒီယာပလက်ဖောင်းများကို အသုံးပြုနေကြောင်း စီးပွားရေးသံမှူးမှ ပြောကြားခဲ့သည်။

**Source: nation.com.pk**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4839-pakistan-s-rice-exports-to-china-increased-by-nearly-10-percent-in-july.html

## မြန်မာနိုင်ငံသို့ ထိုင်းကုန်ပစ္စည်းများ တင်သွင်းနေမှု ရပ်တန့်လုနီးပါးဖြစ်နေ

အမေရိကန်ဒေါ်လာဈေးနှင့် ထိုင်းဘတ်ငွေဈေးများ မြင့်တက်နေမှုကြောင့် လက်ရှိ မြန်မာနိုင်ငံသို့ ထိုင်းသွင်းကုန်ပစ္စည်းများ တင်သွင်းနေမှု ရပ်တန့်လုနီးပါးဖြစ်နေကြောင်း မြဝတီကုန်သည်များထံမှ သိရသည်။

လက်ရှိပြည်တွင်းဒေါ်လာဈေးမှာ ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းဈေး တစ်ဒေါ်လာကျပ်၂၁၀၀ ဖြစ်သော်လည်း ပြင်ပဈေးကွက်တွင် ကျပ် ၂၉၅၀ ဝန်းကျင်အထိ ပေါက်ဈေးရှိနေသည့်အတွက် ဈေးနှုန်းကွာဟမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။ ထို့အတူ ထိုင်းဘတ်ငွေလဲလှယ်နှုန်းမှာ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း တစ်ဘတ်လျှင် ၆၉ ဝန်းကျင်ရှိရာမှ လက်ရှိတွင် ၇၅ ကျပ်ဝန်းကျင်သို့ ရောက်ရှိလာကာ ပို့ကုန်တင်ပို့နိုင်ခြေ လျော့နည်းလာသည့်အတွက်လည်း ထိုင်းဘတ်ငွေ ဈေးများ ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်းသိရသည်။ ယခုကဲ့သို့ ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်လာပြီး ဘတ်ဈေးနှုန်းမှာ တစ်ရက်တည်း၌ပင် အတက်အကျ အပြောင်းအလဲဖြစ်နေသောကြောင့် ကုန်စည်ဈေးနှုန်းများမှာ အချိန်နှင့် အမျှ ပြောင်းလဲလျက်ရှိကာ ဈေးနှုန်းသတ်မှတ်နိုင်ခြင်းမရှိသည့်အတွက် ကုန်သည်များအနေဖြင့် အခက်အခဲများဖြစ်ပေါ် နေကြောင်းသိရသည်။

ဗဟိုဘဏ်အနေဖြင့် နယ်စပ်ကုန်သွယ်ရေးအတွက် ငွေကြေးသုံးစွဲခွင့်ကို ယခုနှစ်အစောပိုင်းက နိုင်ငံအလိုက်ငွေကြေးနှင့် မြန်မာကျပ်ငွေ တိုက်ရိုက်လဲလှယ်ခွင့် စနစ်ကျင့်သုံးခဲ့သော်လည်း လက်ရှိတွင် ဒေါ်လာဖြင့်သာပြန်လည်ပေးချေရန် ပြောင်းလဲ သတ်မှတ်ထားသည်။ ယင်းအပြင် ဒေါ်လာအသုံးပြုမှုကိုပါထိန်းချုပ်၍ ဈေးနှုန်းသတ်မှတ်ခြင်းများကြောင့်လည်း ပြည်ပ ကုန်သွယ်မှုအပိုင်းတွင် အရှုံးနှင့်ရင်ဆိုင်နေရကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် ထိုင်းမှဆပ်ပြာမှုန့်၊ အလှကုန်ပစ္စည်း၊ ယိုးဒယားစက်ဘီး၊ အခြေခံစားသောက်ကုန်၊ အရက်၊ ဘီယာ၊ အချိုရည်၊ အဝတ်အထည်၊ ကော်ပစ္စည်း၊ ဆေးဝါးအချို့၊ ဆိုင်ကယ်နှင့်ယာဉ်အပိုပစ္စည်းများကို တင်သွင်းနေခြင်းဖြစ်သည်။

**Source:** http://sdtimedaily.com/

# STOCK EXCHANGE (17.8.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 7,000 | 7,000 | 6,900 | 1,802 | 12,554,800 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 3,142 | 7,697,900 | 38,929,150 | 95,376 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,800 | 1,002 | 6,863,800 | 10,400,986 | 71,767 |
| FPB | 00004 | 17,500 | -500 | -2.78% | 15,500 | 17,500 | 15,500 | 1,221 | 19,541,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,300 | +0 | +0.00% | 2,200 | 2,300 | 2,200 | 612 | 1,361,600 | 12,823,224 | 29,493 |
| EFR | 00006 | 2,450 | +150 | +6.52% | 2,450 | 2,450 | 2,450 | 101 | 247,450 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 11 | 53,900 | 10,497,598 | 51,438 |


## Market summary

As of 17th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 328.84 | +2.32 | +0.71% | 328.43 | 328.84 | 323.54 | 7,891 | 48,320,450 | 7 | 572,047 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 17th Aug. 2022

| MYANPIX | 328.84 ▲ 2.32 |
|---|---|
| Total Volume (shares) | 7,891 |
| Total Value (MMK) | 48 mil |
| Listed Company | 7 |
| Market Cap. (MMK) | 572,047 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,300 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 150 |
| AMATA | 00007 | 4,900 | ▼ 100 |